# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၃၇)၊ ဩဂုတ် ၂၂ ရက်၊ ၂၀၁၇

## စစ်ကိုင်းတိုင်းလွှတ်တော် ဥပဒေပြုရေးကဏ္ဍ အထောက်အကူဖြစ်စေရန် အရပ်ဘက် အဖွဲ့များကူညီမည်

### ဩဂုတ် ၂၁၊ ၂၀၁၇

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် ပြည်သူလူထု၏အကြံပြုချက်နှင့် အချက်အလက်များရရှိရန် အရပ်ဘက်အဖွဲ့အစည်းများက ကူညီမည်ဖြစ်ကြောင်း မုံရွာမြို့အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးဝင်းဆွေက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် မုံရွာမြို့အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီတို့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပစဉ် ယင်းသို့ပြောကြားခြင်း ဖြစ်သည်။

"လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေနဲ့ ဘယ်လိုကဏ္ဍတွေ၊ ဥပဒေပြုရေးကိစ္စတွေမှာ လူထုဆီက အကြံပြုချက်တွေ၊ အချက်အလက်တွေရချင်ပါသလဲ။ ကျွန်တော်တို့အရပ်ဘက်အဖွဲ့အစည်းတွေ ကူညီပေးချင်ပါတယ်။ ဒီအချက်အလက်တွေက လက်ရှိတည်ဆဲအာဏာပိုင်တွေနဲ့ အစိုးရအဖွဲ့ကို ထိုးနှက်ဖို့မဟုတ်ပါဘူး။ အချက်အလက်အစစ်အမှန်တွေကို အသုံးပြုပြီး လူထုအတွက် ပိုမိုတရားမျှတတဲ့ ဥပဒေတွေ ပေါ်ထွန်းလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကဆိုသည်။

မုံရွာမြို့ အရက်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီက ဦးဆောင်၍ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပတ်သက်သည့် စစ်တမ်းတစ်ခုကို ဩဂုတ် ၅ ရက်တွင် အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၊ နေအိမ်များသို့ သွားရောက်ကာ လူဦးရေ ၅၀၀ ကို ကျပန်းစနစ်ဖြင့် လူထုအကြံပြုချက် စစ်တမ်းကောက်ယူပြီး အစီရင်ခံစာတစ်စောင်ပြုစု၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခဲ့သည်။

စစ်ကိုင်းတိုင်းအတွင်း မြို့နယ် ၁၀ ခုရှိ အရပ်ဘက်အဖွဲ့အစည်းများက စည်ပင်သာယာရေး ဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ လူထုအကြံပြုချက်များ ကောက်ယူလျက်ရှိပြီး စစ်တမ်းကောက်ယူမှုရလဒ်များကို တိုင်းဒေသကြီး လွှတ်တော်တာဝန်ရှိသူများထံ ပေးပို့မည်ဖြစ်ကြောင်းလည်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်နီလာလွင်က "လွှတ်တော်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုလို့ အင်မတန်ဝမ်းသာပါတယ်။ ကော်မတီကလည်း ကြိုဆိုပါတယ်"ဟု ပြောသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တွင် အသေးစားငွေချေးလုပ်ငန်းဥပဒေနှင့် ရေချိုငါးလုပ်ငန်းဥပဒေတို့ကို ပြင်ဆင်အတည်ပြုခဲ့ပြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

**(ကိုးကား:- 7daydaily)**

## မကွေးဝန်ကြီးချုပ်ဟောင်း ပြန်ပေးသည့် ရန်ပုံငွေများ ခွဲဝေသုံးစွဲရေး တိုင်းလွှတ်တော်၌ ဆွေးနွေးမည်

### ဩဂုတ် ၁၅၊ ၂၀၁၇

မကွေးတိုင်းအစိုးရအဖွဲ့ဟောင်းမှ ပြန်လည် ပေးအပ်ထားသည့် ရေနံလက်ယက်တွင်း ရန်ပုံငွေကျပ်သန်း ၃၀၀၀ ကျော်ကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် အဆင့်မြင့်ဟိုက်ဒရောလစ်အမှိုက်သိမ်းယာဉ်များ ဝယ်ယူနိုင်ရေးအပါအဝင် မည်သို့ခွဲဝေသုံးစွဲမည်ဆိုသည်ကို တိုင်းလွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရသည်။

တိုင်းအဆင့်ဆွေးနွေးရန်များ ကျန်နေသေးသည့်အတွက် အတည်မပြုရသေးဘဲ ယင်းသို့ဝယ်ယူရန်မှာ လျာထားဆဲသာဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ရှင်းပြသည်။

မကွေးတိုင်း အစိုးရအဖွဲ့ဟောင်းထံမှ ပြန်ရသည့် ရန်ပုံငွေများကို မကွေးတိုင်းအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် အညီအမျှအသုံးပြုနိုင်ရေး အချိန်ပေး၍ သေချာစွာလုပ်ဆောင်နေကြောင်း မကွေးတိုင်းဝန်ကြီးချုပ်က ပြောကြားထားသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၃/၂၀၁၇)ကို ဩဂုတ် ၃၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် အဆိုပါငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို အတည်ပြုဆွေးနွေးမည်ဖြစ်သည်။

**(ကိုးကား:-The Voice Daily)**

# MCL ဘိလပ်မြေစက်ရုံကို အရေးယူရန် ပြည်နယ်လွှတ်တော် တိုက်တွန်းမည်

## ဩဂုတ် ၁၈၊ ၂၀၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ MCL ဘိလပ်မြေစက်ရုံသည် ပြည်ထောင်စု လျှပ်စစ်ဝန်ကြီးဌာနမှ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံး စွဲနေသဖြင့် အရေးယူဆောင်ရွက်ရန် မွန်ပြည်နယ်လွှတ်တော်စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကော်မတီကတိုက်တွန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါစက်ရုံသည် တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅,၀၀၀ ထုတ်လုပ်ရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာက စတင်ကာ ကျောက်မီးသွေးနှင့် ဇီဝစွန့်ပစ် ပစ္စည်းများမှ လျှပ်စစ်စွမ်းအင်ကို အသုံးပြု၍ ၄၀ မဂ္ဂါဝပ် လျှပ်စစ် စွမ်းအင်ကို စမ်းသပ်လည်ပတ်နေခြင်းဖြစ်သည်။

ဇူလိုင် ၇ ရက်က မွန်ပြည်နယ်လွှတ်တော်စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာရေးရာကော်မတီက MCL စက်ရုံ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် ပတ်သက်သည့် အထောက်အထားများကို ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တောင်းခံခဲ့ပြီး ဩဂုတ် ၁၅ ရက်၌ အကြောင်းပြန်စာရရှိခဲ့သည်။ ယင်းအကြောင်းပြန်စာတွင် လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်ယူအသုံးပြုမည့်ကိစ္စကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းမှုရှိသော်လည်း ယနေ့အထိ ခွင့်ပြုချက်မပေးရသေးကြောင်း မွန်ပြည်နယ် လွှတ်တော်စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာ ရေးရာကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သူက ပြောသည်။

သို့သော် "မဂ္ဂါဝပ် ၃၀ ထက်ကျော်ရင် ပြည်ထောင်စုက ခွင့်ပြုချက်ယူရမယ်။ လွန်ခဲ့တဲ့တစ်နှစ်လောက်က ပြည်ထောင်စုကို တင်ထားပါတယ်။ ခွင့်ပြုချက်နဲ့စက်ရုံလည်ပတ်နေတယ်"ဟုMCLဘိလပ်မြေစက်ရုံအမှုဆောင်အရာရှိ(ပြောရေးဆိုခွင့်ရှိသူ) ဦးဇော်လွင်ဦးက ပြောသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်က စ၍ ၂၀၁၈ ဇန်န ဝါရီ ၁၅ ရက်ထိ စမ်းသပ်လည်ပတ်ခွင့်ရရှိထားပြီးဖြစ်ကြောင်း၊ ၂၀၁၇ မေလ ၁၆ ရက်ကစပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲရန်ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စ ခွင့်ပြုချက်ကိုလည်း တစ်နှစ်သက်တမ်း ယာယီရရှိထားကြောင်း ဦးဇော်လွင်ဦးကဆိုသည်။ **(ကိုးကား- 7daydaily)**



**သတင်းဓာတ်ပုံ**

ဩဂုတ်လ ၁၄ ရက်က ကချင်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်/ခရိုင်ပညာရေးမှူးများ ကချင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြစဉ်။

(ကိုးကား- Z Naw Li facebook)

# ကျောင်းသုံးဗလာစာအုပ်များ လွှတ်တော်သို့ နမူနာတင်ပြသည့်အတိုင်း ဟုတ်မဟုတ် စစ်ဆေးရန် ညွှန်ကြား

## ဩဂုတ် ၂၀၊ ၂၀၁၇

ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ပေးဝေရာတွင် အစိုးရက လွှတ်တော်သို့ နမူနာပေးပို့ထားသည့်စာအုပ်နှင့် လက်တွေ့ဖြန့်ဝေသည့် စာအုပ်များ အရည်အသွေးကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးရန် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားထားကြောင်း မကွေးတိုင်းလွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ဩဂုတ်လ ဒုတိယပတ်က မကွေးတိုင်းဒေသကြီးလွှတ်တော် ပညာကျန်းမာကော်မတီအစည်းအဝေးတွင် တိုင်းလွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့မြို့နယ်အလိုက် စစ်ဆေးပေးရမည်ဟု ညွှန်ကြားခဲ့ကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်က ပြောသည်။

တိုင်းအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၏ မေတ္တာရပ်ခံချက်အရအစိုးရကချထားသော ဗလာစာအုပ်များအတိုင်းပေးဝေခြင်း ဟုတ်၊ မဟုတ်ကိုမည်သည့်ကာလအတွင်း အပြီးစစ်ဆေးရမည်စသည့် ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် တစ်ပါတည်းစစ်ဆေးပေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းထံမှ သိရသည်။

"လက်ရှိတော့ နှစ်ကျောင်း၊ သုံးကျောင်းလောက်ပဲ စစ်ဖြစ်သေးတယ်။ ဗလာစာအုပ်ငါးအုပ်မှာ တစ်အုပ်ကတော့ အရည်အသွေးညံ့တာတွေ့ရတယ်။ ဒါပေမဲ့ ထုတ်ပေးတဲ့ကာလ အစကဆိုရင် သေသေချာချာပြောနိုင်မှာပေ့ါ။ အခုက ထုတ်ပေးတဲ့စာအုပ်နဲ့ ပုံစံတူအပြင်ကဝယ်ပြီး သုံးတာလည်းဖြစ်နိုင်တယ်လေ"ဟု အောင်လံမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်က ပြောကြားသည်။ **(ကိုးကား-www.7daydaily.com)**

# သတင်းတို

● မလိုလားအပ်သည့် ပွတ်တိုက်မှု၊ အထင်လွဲမှု၊ ပုဂ္ဂိုလ်ရေးအငြိုးထားမှုများ မဖြစ်ပေါ်စေရန် 'လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရမည့်ကိစ္စရပ်များတွင် လျှို့ဝှက်မဲပေးခွင့်ရရန်'အတွက် ဩဂုတ် ၁၅ ရက်က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့်ရေးရာကော်မတီဥက္ကဋ္ဌ/အတွင်းရေးမှူးများ အစည်းအဝေးတွင် ရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်စုမြတ်ထက်က ဆွေးနွေးတောင်းဆိုခဲ့ရာ စက်ခလုတ် မတပ်ဆင်နိုင်သေးခင်ကာလတွင် စာရွက်/မဲပုံးဖြင့် လျှို့ဝှက်မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဟု လွှတ်တော်ဥက္ကဋ္ဌက ကတိပြုပြောကြားခဲ့သည်။
**(ကိုးကား:- Suu Myat Htet Facebook )**

● စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးအဖွဲ့အကြီးအမှူးနှင့် ချင်းပြည်နယ်လွှတ်တော်ရုံးအဖွဲ့အကြီးအမှူးတို့သည် video conference ကိုအသုံးပြု၍ ဩဂုတ် ၁၁ ရက်က အစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ကိုးကား:- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် )**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

**စုစည်းတင်ပြသူ**

**ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း**

**ဆက်သွယ်ရန်**

**၀၉-၂၆၁၆၅၄၀၄၅**

www.emref.org
www.mypilar.org

www.facebook.com/emrefmyanmar

# တစ်ရှူးငှက်ပျော တရားမဝင်စိုက်ပျိုးမှု ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်း

ဩဂုတ် ၃ ရက်၊ ၂၀၁၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်အတွင်း တရားမဝင်တစ်ရှူးငှက်ပျောစိုက်ခင်းများနှင့် ပတ်သက်၍ နိုင်ငံနှင့်ဒေသခံပြည်သူလူထု နစ်နာမှု မရှိစေရေး ပြည်နယ်အစိုးရက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်(ဝိုင်းမော်-၂)က ကချင်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

တစ်ရှူးငှက်ပျောစိုက်ခင်းများကို တရုတ်နိုင်ငံသားလုပ်ငန်းရှင်များက နိုင်ငံသားအမည်ခံ၍ လုပ်ကိုင်နေကြပြီး တရားမဝင်စိုက်ပျိုးသူများ၊ ခွင့်ပြုရေယာထက်ပိုပြီး အဆမတန် စိုက်ပျိုးနေကြသူများလည်း ရှိနေသည်ဟု ဦးနော်လီက အဆိုတွင် ထည့်သွင်းပြောကြားခဲ့သည်။ တစ်ရှူးငှက်ပျောစိုက်ပျိုးရာတွင် အသုံးပြုသော မြေသြဇာများကြောင့် မြေဆီလွှာပျက်စီးမှုများရှိပြီး မြေယာပြဿနာများလည်း ဖြစ်ပွားနေသည်ဟု သိရသည်။




အဆိုကို မန်စီ၊ ဗန်းမော်၊ မိုးမောက်၊ မိုးညှင်းမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပြီး မဲခွဲဆုံးဖြတ်ရာ တက်ရောက်လာသောလွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံသဖြင့် ကချင်ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့သည်။
**(ကိုးကား:-RFA/The Voice/Z Naw Li Facebook)**

# ကရင်ပြည်နယ် မြေယာခွန်ဥပဒေကြမ်း အတည်ပြု

ဇူလိုင် ၂၆၊ ၂၀၁၇

ကရင်ပြည်နယ် မြေယာခွန်ဥပဒေကြမ်းကို ဇူလိုင် ၂၅ ရက်က ကရင်ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်၍ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်းသိရသည်။

အတည်ပြုခဲ့သည့် မြေယာခွန်ဥပဒေကြမ်းအရ အခွန်နှုန်းထားပြင်ဆင်ကောက်ခံရာတွင် လူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်မဟုတ်ဘဲ ခေတ်မီနှုန်းထားအဖြစ် သတ်မှတ်လိုခြင်းဖြစ်သည်ဟု ပြည်နယ်စီမံကိန်း ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်က ဒီဗွီဘီကိုပြောသည်။

အဆိုပါမြေယာဥပဒေကြမ်းတွင် အခန်း ၁၀ ခန်းနှင့် ပုဒ်မပေါင်း ၃၀ ပါဝင်ပြီး ကရင်ပြည်နယ်၏ မြေခွန်အမျိုးအစားအလိုက် ကောက်ကြီး/ကောက်လျင်ခွန်တွင် မြေမျိုးကြီး ၈ မျိုး၊ ကိုင်း/မုရင်းခွန်တွင် မြေမျိုးကြီး ၃ မျိုးပါဝင်ပြီး ယခင် အနည်းဆုံးနှုန်းထား မြေခွန် ၁ ကျပ် ၂၅ ပြားကို ၃၀၀ ကျပ်၊ ယခင်က အမြင့်ဆုံးနှုန်းထား မြေခွန် ၅ ကျပ်ကို ၁၀၀၀ ကျပ်များသို့ ပြောင်းလဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ **(ကိုးကား:- ဒီဗွီဘီ)**